စီရင်ချက်ပုံစံ

# လမ်းမတော်မြို့နယ်တရားရုံးတော်၌

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈

၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၊ ၉ရက်

ဒေါ်ဝင်းမြင့် နှင့် (၁) ဒေါ်သီသီခိုင်

(၂) ကိုသားချစ်

(တရားလို) (တရားပြိုင်)

တရားလိုအတွက် ။ ။ ဒေါ်ရတနာလှိုင် (တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်များအတွက် ။ ။ ကိုယ်တိုင် (မလာ)

## စီရင်ချက်

အမှုမှာ ဗိုလ်တစ်ထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဖဲ၄လမ်း၊ အမှတ်-၃၁နေ တရားလို ဒေါ်ဝင်းမြင့်မှ မြိတ်မြို့၊ သီဟဇေယျဈေး (မြို့သစ်ဈေး)၊ ဆိုင်အမှတ် (၄)၊ အဘူကြီးကုန်စုံဆိုင်နေ (၁)တရားပြိုင် ဒေါ်သီသီခိုင်နှင့် (၂)တရားပြိုင် ကိုသားချစ်တို့အပေါ် ကုန်ဘိုးငွေ ၉၄၈၀၀၀၀/ (ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ်နှင့် နစ်နာကျေးငွေ ကျပ်၁၀၀၀၀၀၀၀/(တစ်ဆယ်သိန်း) စုစုပေါင်း ၁၉၄၈၀၀၀၀/ (တစ်ဆယ့်ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ်ရလိုကြောင်း စွဲဆိုမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုမှာ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေး၊ ဆိုင်အမှတ် (၄၂၃)တွင် ကုန်မျိုးစုံရောင်းချသည့်ဆိုင်ဖွင့်လှစ်ပြီး၊ သမီးဖြစ်သူ မိုးမိုးစံအား ဦးစီး၍ အရောင်းအဝယ်ပြုလုပ်သူတစ်ဦးဖြစ်ကြောင်း၊ တရားပြိုင်သည် တနင်္သာရီတိုင်း၊ မြိတ်မြို့၊ သီဟဇေယျဈေး (မြို့သစ်ဈေး)၊ ဆိုင်အမှတ်(၄)တွင် တရားပြိုင်၏မိခင် ဒေါ်သီသီခိုင်(အဘူကြီး) နှင့်အတူ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူဖြစ်ကြောင်း၊ တရားပြိုင်မှ တရားလိုဆိုင်တွင် ကြက်သွန်နီနှင့် အခြားကုန်များဝယ်ယူ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ဆိုင်သို့ ၂/၃ကြိမ်ခန့်ဆက်သွယ်ဝယ်ယူပြီးနောက်ပိုင်းတွင် ရန်ကုန်သို့ကိုယ်တိုင်မလာဘဲ လိုအပ်သည့်ကုန်ပစ္စည်းများကို ဖုန်းနှင့်ဆက်သွယ်မှာယူခဲ့ကြောင်း၊ ထိုသို့မှာယူရောင်းချရာတွင် တရားပြိုင်မှာယူသော ကုန်အမျိုးအစားအလိုက် ကုန်ချိန်နှင့်ဈေးနှုန်းကျသင့်ငွေတို့ကို ပြေစာပြုလုပ်၍ ကုန်များကိုထုတ်ပိုးကာ၊ တရားပြိုင်၏အစီစဉ်ဖြင့် ကုန်ကားနှင့်တင်ပို့ပေးရပြီး ကုန်ပစ္စည်းများ လက်ခံရရှိပြီးနောက် တရားပြိုင်က ကျသင့်ငွေကို ဘဏ်မှတစ်ဆင့်လွှဲပေးခဲ့ပါကြောင်း၊ တရားပြိုင်၏ မှာကြားချက်အရ (၁.၂.၂၀၁၈)ရက်နေ့မှ (၂၃.၂.၂၀၁၈)ရက်နေ့အထိ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ကုန်စိမ်းများကို ထုတ်ပိုး၍ ကုန်ဖိုးကျသင့်ငွေပြေ

(နီနီဝင်းကို)
ဒုတိယမြို့နယ်တရားသူကြီး
လမ်းမတော်မြို့နယ်တရားရုံး

စာနှင့်တကွ (၂၁)ကြိမ်ပေးပို့ခဲ့ကြောင်း၊ စုစုပေါင်းကုန်ဖိုးငွေ (၂၄၄၈၀၀ဝိ/)ကျသင့်ခဲ့ရာ၊ တရားပြိုင်မှ စုစုပေါင်းကုန်ဖိုးငွေအနက်မှ (၂၇.၂.၂၀၁၈)ရက်နေ့တွင် ၄၀၀၀၀ဝိ/၊ (၁၈.၄.၂၀၁၈)ရက်နေ့တွင် ငွေ၃၀၀၀၀ဝိ/၊ (၂၂.၅.၂၀၁၈)ရက်နေ့တွင် ငွေ၅၀၀၀၀ဝိ/၊ (၂၉.၆.၂၀၁၈)ရက်နေ့တွင် ငွေ၃၀၀၀၀ဝိ/ကို ဘဏ်မှ လွှဲအပ်ပေးပို့ခဲ့ပြီး၊ ကျန်ငွေ ၉၄၈၀၀ဝိ/ ကုန်ဖိုးငွေများ ရှင်းပေးရန် တရားလိုကရှေ့နေမှတဆင့် (၁၅.၁.၂၀၁၉)ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့တောင်းခံသော်လည်း တရားပြိုင်သည် အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိကြောင်း၊ ဖုန်းနှင့်ဆက်သွယ်သည့်အခါ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်သို့ကားလိုင်စင်တင်ရန် လာရောက်လျှင် ကုန်ဖိုးငွေများရှင်းပေးမည်ဟု ပြောဆိုခဲ့သော်လည်း လုံးဝလာရောက်တွေ့ဆုံခြင်းမရှိကြောင်း၊ တရားလို၏ရင်းနှီးငွေများ အချိန်မီမရရှိသည့်အတွက် အရောင်းအဝယ်လုပ်ငန်းတွင် ဆုံးရှုံးနစ်နာမှုများရှိခဲ့ပြီး ကုန်ဖိုးငွေရှင်းပေးရန်ပျက်ကွက်သည်မှာ တစ်နှစ်ကျော်ကာလကြာခဲ့သည့်အတွက် တရားလိုတွင် ငွေကြေး၁၀၀၀၀၀ဝိ/ ဆုံးရှုံးခဲ့ပါကြောင်း၊ သို့ပါ၍ တရားပြိုင်ထံမှ ကုန်ဖိုးငွေ ၉၄၈၀၀ဝိ/- နှင့် နစ်နာကြေး ၁၀၀၀၀၀ဝိ/၊ ငွေနှစ်ရပ်ပေါင်းငွေ ၁၉၄၈၀၀ဝိ/အားရထိုက်သဖြင့် အနိုင်ဒီကရီချမှတ်ပေးရန်ဖော်ပြထားသည်။

(၁)တရားပြိုင်ဒေါ်သီသီခိုင်နှင့် (၂)တရားပြိုင်ကိုသားချစ်တို့အပေါ် ငြင်းချက်ထုတ်ရန်သမ္မာန်စာများ ချအပ်ခဲ့ရာ (၁)တရားပြိုင် ဒေါ်သီသီခိုင်မှာ (၂)တရားပြိုင်ကိုသားချစ်နှင့်အတူနေမိခင်ဖြစ်၍ သမ္မာန်စာများအား ကိုယ်တိုင်လက်မှတ်ရေးထိုးရယူထားခဲ့သော်လည်း ရုံးချိန်း(၃)ချိန်းတိုင် ရုံးချိန်ကုန်ဆုံးသည်အထိ ရုံးတော်သို့ လာရောက်ခဲ့ခြင်းမရှိသဖြင့် တရားလို၏ရှေ့နေမှ တရားမကျင့်ထုံးအမိန့် - ၉၊ နည်းဥပဒေ ၆ (၁) (က)အရ အမှုအား တစ်ဖက်သက်စစ်ဆေးပေးပါရန် လျှောက်ထားလာ၍ တရားပြိုင်များသည် ရုံးချိန်းသိလျက်လာရောက်ခြင်းမရှိသဖြင့် တရားပြိုင်များ၏ မျက်ကွယ်တွင် အမှုအားတစ်ဖက်သက်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

တရားလိုဒေါ်ဝင်းမြင့်မှ အဆိုလွှာပါအတိုင်းထွက်ဆိုပြီး (၇.၂.၂၀၁၈)ရက်စွဲပါ ကုန်ဝယ်ပြေစာမိတ္တူအား သက်သေခံ(က)အဖြစ်လည်းကောင်း၊ (၂၀.၂.၂၀၁၈)ရက်စွဲပါ ကုန်ဝယ်စာရင်းမိတ္တူအား သက်သေခံ(ခ) အဖြစ်လည်းကောင်း၊ (၂.၂)ပါကုန်ဝယ်ဖြတ်ပိုင်းမိတ္တူအား သက်သေခံ(ဂ)အဖြစ်လည်းကောင်း၊ (၂၉.၆.၂၀၁၈) ရက်စွဲပါ ကမ္ဘောဇရတနာဘဏ်မှ ငွေ၃သိန်းလွှဲပေးရာတွင်လက်ခံရရှိသော ဖြတ်ပိုင်းမိတ္တူအား သက်သေခံ(ဃ) အဖြစ်လည်းကောင်း၊ (၂၂.၅.၂၀၁၈)ရက်စွဲပါ ငွေကျပ်(၅)သိန်းငွေလွှဲဖြတ်ပိုင်းမိတ္တူအား သက်သေခံ(င) အဖြစ်လည်းကောင်း၊ (၁၈.၄.၂၀၁၈)ရက်စွဲပါ ငွေကျပ်(၃)သိန်းငွေလွှဲဖြတ်ပိုင်းမိတ္တူအား သက်သေခံ(စ)အဖြစ်လည်းကောင်း၊ (၂၇.၂.၂၀၁၈) ရက်စွဲပါ ငွေကျပ်(၄)သိန်း ငွေလွှဲဖြတ်ပိုင်းမိတ္တူအား သက်သေခံ(ဆ)အဖြစ်လည်းကောင်း၊ တရားပြိုင်များထံပေးပို့သော အကြောင်းကြားစာမူရင်းအား သက်သေခံ(ဇ)အဖြစ်လည်းကောင်းတင်ပြပြီး သက်သေခံ(ခ)ပါ ရွှေနဂါးကုန်မျိုးစုံရောင်းဝယ်ရေးအမည်မှာ ၎င်းတို့ဆိုင်၌မရှိသော ကုန်ပစ္စည်းများအား အဆိုပါဆိုင်မှဝယ်ယူ၍ ပေးပို့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ဦးမိုးကြီး (လိုပြ-၁)မှ မမိုးမိုးစန်းသည် မြစ်ကြီးနားမြို့ရှိ ကိုသားချစ်ဆိုင်သို့ ကုန်များဖြန့်ဖြူးရောင်းချပါကြောင်း၊ ကိုသားချစ်ဆိုင်သို့ ပို့မည့်ကုန်ပစ္စည်းများအား ၎င်းကားနှင့် စာရင်းရေးမှတ်ပြုစုပြီး ထုတ်ပို့၍ အောင်မင်္ဂလာအဝေးပြေးသို့ သွားရောက်ပို့ဆောင်ပေးရကြောင်း၊ ၂၀၁၆နှစ်ကုန်ပိုင်းမှစ၍ ၂၀၁၈ခုနှစ်အထိ ပို့ဆောင်ပေးရကြောင်း၊ ငွေကြေးပေးယူကိစ္စများကို ၎င်းမသိပါကြောင်းထွက်ဆိုသည်။

ကိုကျော်ကြီး (လိုပြ-၂)မှ တရာပြိုင်တို့အား ကုန်ပစ္စည်းပေးပို့ရာတွင် ခေါက်ပြန်ကြေးအနေဖြင့်

(နီနီဝင်းကို)
ဒုတိယမြို့နယ်တရားသူကြီး
လမ်းမတော်မြို့နယ်တရားရုံး

(၂၅)သိန်းခန့် ကြွေးကျန်ရှိခဲ့ပြီး ၎င်းတို့မှ (၁၅)သိန်းခန့် ပြန်လည်လွှဲအပ်ပေးထားသည်ကို သိပါကြောင်း၊ တရားပြိုင်မှ တရားလိုထံသို့ ငွေကျပ် (၁၀)သိန်းခန့် ပေးအပ်ရန်ကျန်နေ၍ ၎င်းမှအဆိုပါဆိုင်တွင် ဈေးရောင်းပြီး ကုန်ပစ္စည်းများလွှဲအပ်ပေးထားသည်ကို သိရှိသည့်အတွက် ကိုသားချစ်ထံ ဖုန်းဆက်တောင်းခံရာတွင် ပထမတွင်လွှဲပေးမည်ပြောပြီး ယခုထိလွှဲပေးခဲ့ခြင်းမရှိကြောင်း ထွက်ဆိုသည်။ မစန္ဒာစမ်း (လိုပြ-၃)မှ တရားလို၏ထွက်ဆိုချက်အား ထောက်ခံထွက်ဆိုသည်။

အမှုတွင် တရားလိုမှ တရားပြိုင်သည် ၎င်း၏ဆိုင်မှ ကြက်သွန်နီနှင့် အခြားကုန်များဝယ်ယူကာ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်းထွက်ဆိုပြီး ဦးမိုးကြီး (လိုပြ-၁)၊ ကိုကျော်ကြီး (လိုပြ-၂) နှင့် မစန္ဒာစမ်း (လိုပြ-၃)တို့မှ ထောက်ခံထွက်ဆိုကြသည်။ ထို့အပြင် တရားလိုသည် ငွေလက်ခံသူ ဒေါ်ဝင်းမြင့်၊ ငွေလွှဲပေးပို့သူ ဦးရန်နိုင်စိုး၊ မနွေးသဇင်နှင့် ကိုရန်လင်းကို၊ လွှဲပို့သည့်ဘဏ်ခွဲ MYEIKအမည်ပါ ကမ္ဘောဇရတနာဘဏ် ငွေလွှဲဖြတ်ပိုင်း မိတ္တူစာမှတ်စာတမ်း(၄)ခုအား သက်သေခံ(ဃ)(င)(စ)(ဆ) တို့အဖြစ် တင်ပြထားပြီး ပြေစာမိတ္တူစာမှတ်စာတမ်း(၃)ခုအား သက်သေခံ (က)(ခ)(ဂ)အဖြစ်တင်ပြထားသည်ကိုတွေ့ရသည်။ သို့သော် တရားလိုသည် တရားပြိုင်၏ မှာကြားချက်အရ (၁.၂.၂၀၁၈)ရက်နေ့မှ (၂၃.၂.၂၀၁၈)ရက်နေ့အထိ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ကုန်စိမ်းများကို ထုတ်ပိုး၍ ကုန်ဖိုးကျသင့်ငွေပြေစာနှင့်တကွ (၂၁)ကြိမ်ပေးပို့ခဲ့ကြောင်း၊ စုစုပေါင်းကုန်ဖိုးငွေ (၂၄၄၈၀၀၀၀/) ကျသင့်ခဲ့ကြောင်းထွက်ဆိုထားပြီး အဆိုပါ(၂၁)ကြိမ် ပေးပို့ခဲ့သည့် ကုန်ဖိုးကျသင့်ငွေပြေစာများအား ရုံးတော်သို့ အထင်အရှား တင်ပြနိုင်ခြင်းမရှိသည်ကိုတွေ့ရှိရသည်။

ငြင်းချက်ထုတ်ရန် သမ္မာန်စာအတည်ဖြစ်လျက်နှင့် တရားပြိုင်များရုံးသို့လာရောက်ခြင်းမရှိ၍ တစ်ဖက်သက်စစ်ဆေးသောအမှုတွင် တရားလိုသည် မိမိတောင်းဆိုသော သက်သာခွင့်ကို ရထိုက်ကြောင်း အခိုင်အမာသက်သေထင်ရှားပြသနိုင်ရန်လိုအပ်ပေသည်။ ထိုကြောင့် ယခုအမှုတွင် တရားလိုသည် တရားပြိုင်များအား ကုန်ဖိုးကျသင့်ငွေပြေစာနှင့်တကွ(၂၁)ကြိမ်ပေးပို့ခဲ့ပြီး စုစုပေါင်းကုန်ဖိုးငွေ (၂၄၄၈၀၀၀၀/) ကျပ်ကြသင့်ခဲ့ကာ ကျန်ငွေ ၉၄၈၀၀၀၀/ (ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ် ကျန်ရှိကြောင်းနှင့်ပတ်သက်၍ သက်သေထင်ရှားပြသနိုင်ခြင်း မရှိသည်ကိုတွေ့ရှိရသည်။ ထို့အပြင် တရားလိုသည် တရားပြိုင်များအား ကုန်းများပေးပို့ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သော်လည်း ကုန်ဖိုးကျသင့်ငွေများနှင့်ပတ်သက်၍ ရုံးတော်သို့ အခိုင်အမာ တင်ပြထွက်ဆိုထားခြင်းမရှိသည်ဖြစ်၍ တရားပြိုင်များသည် တရားလိုအား ကုန်ဖိုး ၉၄၈၀၀၀၀/ (ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ် ပေးရန်ရှိသည်ဟု မယူဆနိုင်ပေ။ ထို့ကြောင့် တရားပြိုင်များသည် တရားလိုအား ကုန်ဖိုးငွေ ၉၄၈၀၀၀၀/ (ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ် နှင့် နစ်နာကျေးငွေ ကျပ် ၁၀၀၀၀၀၀၀/(တစ်ဆယ်သိန်း) စုစုပေါင်း ၁၉၄၈၀၀၀၀/ (တစ်ဆယ့်ကိုးသိန်းလေး သောင်းရှစ်ထောင်)ကျပ် ပြန်ပေးရန် တာဝန်ရှိမည် မဟုတ်ပေ။

ထို့ကြောင့် တရားလိုက တရားပြိုင်များအပေါ် စွဲဆိုထားသော ငွေ ၁၉၄၈၀၀၀၀/ (တစ်ဆယ့်ကိုးသိန်းလေးသောင်းရှစ်ထောင်)ကျပ်ရလိုမှုအား စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်သည်။

စရိတ်မသတ်မှတ်။

9.10.19

(နီနီဝင်းကို)
ဒုတိယမြို့နယ်တရားသူကြီး
လမ်းမတော်မြို့နယ်တရားရုံး